**Highlights from DVB Debate's political violence Show**

**Dec 9th, 2017**

**How to protect against political violence?**

"နိုင်ငံရေးအကြမ်းဖက်မှုဆိုတာ အာဏာအတွက်ပဲ လုပ်ဆောင်ကြတာဖြစ်တယ်။ နိုင်ငံရေးနည်းအရဆွေးနွေးတဲ့ အစဉ်အလာ ကိုဆောက်တည်နိုင်မှပဲ အကြမ်းဖက်မှုကင်းစင်ပြီး အောင်မြင်နိုင်တဲ့အနေအထားရှိမှာပါ။"

**ဒေါ်ဂင်းမြမြ (ဒု-ဥက္ကဋ္ဌ ။ မွန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်)**

-----------------------------------------------------------------------------------------------------------------

"အကြမ်းဖက်မှုတွေဟာ မြန်မာ့သမိုင်းမှာရော ကမ္ဘာ့သမိုင်းမှာပါ ရှိခဲ့တာပါ။ ကျနော်တို့ အားလုံးအမြဲတမ်း ထိတွေ့နိုင်တဲ့ အမြဲတမ်းဆွေးနွေးနိုင်တဲ့အနေအထားရောက်အောင်သွားကြရမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြ ဆွေးနွေးကြရင် ဒီအကြမ်းဖက်မှုတွေဟာ တဖြေးဖြေး လျော့ပါးသွား လိမ့်မယ်လို့ ယူဆပါတယ်။"

**ဦးမျိုးမြင့်။ တိုင်းပါတီကော်မတီဝင် (မွန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

-----------------------------------------------------------------------------------------------------------------

"မွန္တလေးမြို့ဟာဘာသာပေါင်းစုံစုဝေးပြီးတော့ညီညီညွတ်ညွတ်နဲ့ အကြမ်းဖက်မှုတွေမဖြစ်အောင်ကာကွယ်နိုင်ခဲ့တယ်။ဖြစ်တဲ့နေရာကိုသွားပြီး ဆွေးနွေးညှိနှိုင်းတဲ့အခါ တချို့ကိစ္စတွေမှာ ညှိနှိုင်းရင်းနဲ့ ပဋိပက္ခတွေဟာ ငြိမ်းသွားတာငြိမ်သွားတာရှိသလို၊ တချို့ကိစ္စတွေကျတော့ ပယောဂတွေ တနည်းအားဖြင့် ဖန်တီးမှုတွေ ပါလာတဲ့ အနေအထားတွေတွေ့တော့ ကျနော်တို့က ဆေးမြီးတိုလောက်နဲ့ မန်းတာမှုတ်တာလောက်ပဲအားရှိတာ။ တဖက်က အဲ့လောက်ထိအားကောင်းတဲ့အခါကျတော့ သူတို့ရဲ့ နည်းလမ်းတွေဟာ ကျနော်တို့ မလိုက်နိုင်တော့ ကြိတ်မှိတ်ပြီးတော့ ဒဏ်ရာဒဏ်ချက်နဲ့ ခံခဲ့ရပါတယ်။ ဒီလိုအကြမ်းဖက်ဖြစ်ရပ်တွေအတွက် ရာဇဝတ်ဂါလို့ ဆိုတဲ့ဘုရင်ကအရေးကြီးပါတယ်။ အုပ်ချုပ်တဲ့တာဝန်ရှိသူများကအရေးကြီးပါတယ်။"

**ဦးစိန်လှအောင်( ဥက္ကဋ္ဌ ။ ပဋိပက္ခဖန်တီးမှုများကြိုတင်ကာကွယ်တားဆီးရေးကော်မတီ)**

-----------------------------------------------------------------------------------------------------------------

"ဒီမိုကရေစီအစိုးရပြောင်းလဲလာတဲ့အချိန်မှာတောင်မှ ဥပဒေစိုးမိုးရေးက သိပ်မရှိသေးဘူး။ သို့သော် ၅၀%လောက်တော့ ပြောင်းလဲလာနိုင်တယ်။ ဒီလိုအကြမ်းဖက်မှုမျိုးကို အုပ်ချုပ်ရေး ဥပဒေပြုရေး တရားရေး မဏ္ဍိုင် သုံးရပ်စလုံး စည်းစည်းလုံးလုံးလုပ်ရင်တော့ ကာကွယ်နိုင်ပါလိမ့်မယ်။ "

**ဦးမျိုးမင်းဇော် (တရားလွှတ်တော် ရှေ့နေ။ Hygienic Legal Clinic )**

---

"ဒီပဲယင်းအရေးအခင်းမှာ အကြမ်းဖက်တိုက်ခိုက်ခံရသူတွေက ဒဏ်ရာဒဏ်ချက်တွေနဲ့ထောင်ကျခဲ့ကြတယ်။ ဥပဒေစိုးမိုးမှုမရှိဘဲ တဖက်စောင်းနင်းလုပ်လိုက်ကြတယ်။ မိတ္ထီလာအရေးအခင်းမှာလည်း တရားခံလက်သည် မပေါ်ဘူး။ အုပ်ချုပ်ရေးပိုင်းက ဘာမှထိထိရောက်ရောက်လုပ်မပေးဘူး။အကြမ်းဖက်မှုကို ထိထိရောက်သာ တားဆီးနိုင်မယ်ဆိုရင် ဒီအကြမ်းဖက်မှုတွေဟာ ရပ်တန့်သွားမယ်"

**ဒေါ်ဂင်းမြမြ (ဒု-ဥက္ကဌ ။ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်)**

---

"ခေတ်အဆက်ဆက်က အကြမ်းဖက်မှုတွေကရှိနေတာပဲ။အခြေအနေနဲ့အချိန်အခါပေါ်မှာ သူ့အခြေခံ အကြောင်း တရားတွေက ရှိပါတယ်။ ဥပမာ၊ ရေခွက်တခွက်ထဲကို ဆားလေးထည့်လိုက်ရင် ဒီရေခွက်က ငန်သွားမှာပဲ။ ရေကန်ထဲကိုဆားလေးနည်းနည်းပစ်ထည့်လိုက်ရင် အငန်ဟာ သိပ်မသိသာပါဘူး။ "

**ဦးမျိုးမြင့်။ တိုင်းပါတီကော်မတီဝင် (မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

---

"အကြမ်းဖက်မှုတွေလျော့ပါးလာတာဟာ လက်ရှိအစိုးရနဲ့ ယခင်အစိုးရကိုင်တွယ်ပုံကွာသွားလို့ ပါ။ "

**ဦးစိန်လှအောင်( ဥက္ကဌ ။ ပဋိပက္ခဖန်တီးမှုများကြိုတင်ကာကွယ်တားဆီးရေးကော်မတီ)**

---

"အကြမ်းဖက်မှုဟာ မည်သူကြောင့် မည်ဂါကြောင့်အဖြေရှာတာထက် ဒို့တတွေဘာဖြစ်လို့ဒီအခြေအနကို ဖြစ်နေတာလဲ။ စီးပွားရေးပဲမကောင်းလို့လား။နိုင်ငံရေးပဲအားနည်းနေလို့လား။ ကာကွယ်ရေးပဲ အားနည်း နေလို့လား။ ဒါကိုဘယ်လိုလုပ်မလဲဆိုတဲ့အဖြေကို ရှာသင့်တယ်လို့ထင်ပါတယ်။လက်မဲကြီးကို မရမက ဖော်ထုတ်နေမှာလား။ ဒါဆိုရင် လက်မဲကြီးမပေါ်မချင်း တိုင်းပြည်ကိုတိုးတက်အောင် မလုပ်တော့ဘူးလား"

**ဦးမျိုးမြင့်။ တိုင်းပါတီကော်မတီဝင် (မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**

---

"အကြမ်းဖက်တဲ့အုပ်စုက လက်တဆုပ်စာလောက်ပဲ။ သို့သော် သူတို့ကအင်အားကောင်းတယ်။ အင်အားကောင်းရခြင်းအကြောင်းကလည်း နောက်ခံဘက်ဂရောင်းတခုရှိနေခြင်းကြောင့်သာလျှင် အင်အားကောင်းရတာပါ။"

**ဒေါ်ဂင်းမြမြ (ဒု-ဥက္ကဌ ။ မွန်လေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်)**

---